**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

**ရုံးအမှတ်(၁)၊ နေပြည်တော်**

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်**

**အငယ်တန်းစာရေးရာထူး ၁၀ နေရာအတွက် လျှောက်လွှာနောက်ဆုံးထား တင်ပြရမည့် နေ့ရက်နှင့် ရေးဖြေ ဖြေဆိုရမည့်နေ့ရက်တို့အား ရွှေ့ဆိုင်းကြောင်း အသိပေးကြေညာချက်**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ခေါ်ယူခန့်ထားမည့် အငယ်တန်းစာရေးရာထူး ၁၀ နေရာအတွက် လျှောက်လွှာများကို **၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်(၁၆၃၀) နာရီ နောက်ဆုံးထား တင်ပြရန်ဖြစ်ကြောင်း၊ ဖြေဆိုခွင့်ကတ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့နှင့် ၃ ရက်နေ့တို့တွင်** ရုံးအမှတ်(၁)၊ ပြည်ထောင်စုဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် ဖြေဆိုမည့်နေ့ရက်အား ထပ်မံအသိပေးကြေညာမည်ဖြစ်ပါကြောင်း **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင်** အသိပေးကြေညာခဲ့ပါသည်။

၂။ လျှောက်ထားသူများအနေဖြင့် လျှောက်လွှာ နောက်ဆုံးထား တင်ပြရမည့် နေ့ရက်အား **၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ထိ** ရွှေ့ဆိုင်းလိုက်ပါကြောင်းနှင့် ရေးဖြေ ဖြေဆိုမည့်နေ့ရက်နှင့်ဖြေဆိုခွင့်ကတ်ထုတ်ယူရမည့်နေ့ရက်အား ထပ်မံအသိပေးကြေညာမည်ဖြစ်ပါကြောင်း သိရှိနိုင်ပါရန် အသိပေးအပ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တယ်လီဖုန်းအမှတ် **၀၆၇-၃၄၀၇၃၈၂** သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**